
mgyoe.com



မိုးဝေ


# တိမ်ဖောင်ဆောင်သော မိုးခိုးများ

[illegible]

9 789997 118257

mgyoe.com

mgyoe.com



ISBN9789997118257
POEM77
9 789997 118257
2,000.00KS

mgyoe.com

တိမ်ယောင်ဆောင်သောမီးခိုးများ။ မိုးဖြူ
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၁၁၁+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# တိမ်ယောင်ဆောင်သောမိုးခိုးများ

## မိုးဖြူ

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

※ မိုးဖြူသို့မေတ္တာစာ .......... က
၁။ တိမ်ယောင်ဆောင်သော မီးခိုးများ .......... ၁
၂။ ညှိလိုက်ရင် ငြိကုန်တယ် .......... ၂
၃။ ရင်ဘတ်ထဲထည့်ထားမိသောနာမ်အချို့ .......... ၃
၄။ ညဆုံးခါနီးအထိရှိခဲ့ဖူး .......... ၄
၅။ ညနေခင်းထဲအရောက်ပြန်လာမယ် .......... ၅
၆။ ပင်ဖြစ် .......... ၆
၇။ မပါသောကဗျာတွင် ပါသောအပိုဒ် .......... ၇
၈။ ရပ်တန့်ညနေခင်းများ .......... ၈
၉။ ကြိုသောနှစ်သစ် .......... ၉
၁၀။ ဘာပဲဖြစ်ဖြစ်ပေါ့ .......... ၁၀
၁၁။ ဖြတ်သွားဖြတ်လာလှိုင်းများ .......... ၁၁
၁၂။ တောင်ယာနာကျနေတဲ့အရပ် .......... ၁၂
၁၃။ မီးပုံးပျံ .......... ၁၃
၁၄။ အိမ်ကလေး .......... ၁၄
၁၅။ အကာအောက် ကတိအတိုင်း ပြန်ရသောအခါ .......... ၁၅

mgyoe.com

mgyoe.com


၁၆။ ညည်းသောအငြိး . . . . . . . . . . ၁၆
၁၇။ အချို . . . . . . . . . . ၁၇
၁၈။ မှော်ရှင် . . . . . . . . . . ၁၈
၁၉။ မကိန်း . . . . . . . . . . ၁၉
၂၀။ စကားလုံးအသုံး . . . . . . . . . . ၂၁
၂၁။ အချိန်ကချိန်မရနေဘူး . . . . . . . . . . ၂၃
၂၂။ အပြင်ခွဲ . . . . . . . . . . ၂၄
၂၃။ မီးပုံးပျံ . . . . . . . . . . ၂၅
၂၄။ လှိုင်လင် – ၃၅ . . . . . . . . . . ၂၆
၂၅။ လှိုင်လင် – ၃၄ . . . . . . . . . . ၂၇
၂၆။ ခရီးထဲမှာငါပါသွား – ၂၆ . . . . . . . . . . ၂၈
၂၇။ ခရီးထဲမှာငါပါသွား – ၃၁ . . . . . . . . . . ၂၉
၂၈။ လှိုင်လင် – ၄၁ . . . . . . . . . . ၃၀
၂၉။ ခရီးထဲမှာငါပါသွား – ၃၀ . . . . . . . . . . ၃၁
၃၀။ အလွမ်းဝေးဝေး အဝေးလွမ်းလွမ်း . . . . . . . . . . ၃၂
၃၁။ အဆိပ်ရဲ့ အစိမ့်နဲ့ ယူတဲ့ကောင် . . . . . . . . . . ၃၃
၃၂။ ကျေးဖူးတင်ပါတယ် . . . . . . . . . . ၃၄
၃၃။ အရုပ်ကလေး . . . . . . . . . . ၃၅
၃၄။ အပိုမရခဲ့တော့လွမ်း . . . . . . . . . . ၃၆
၃၅။ ကြိုး . . . . . . . . . . ၃၇
၃၆။ တောမီး . . . . . . . . . . ၃၈
၃၇။ တစ်စစကနေ တစစ်စစ်နေ . . . . . . . . . . ၃၉
၃၈။ ပုံရိပ် . . . . . . . . . . ၄၀
၃၉။ လှမ်း . . . . . . . . . . ၄၁
၄၀။ စက္ကူသား . . . . . . . . . . ၄၂
၄၁။ အရှိန် . . . . . . . . . . ၄၃
၄၂။ အဟောသိကံ . . . . . . . . . . ၄၄


mgyoe.com

mgyoe.com

၄၃။ ငြိမ်းချမ်းပါစေ ဆိုစေ ကြားစေ . . . . . . . . . . ၄၅
၄၄။ တောင်ပေါ်လမ်းတွေ မြေပြန့်မဆန်ခင်က . . . . . . . . . . ၄၆
၄၅။ အလှအပ . . . . . . . . . . ၄၈
၄၆။ မိုးခေါင် . . . . . . . . . . ၄၉
၄၇။ ကျောက်တိုင် . . . . . . . . . . ၅၀
၄၈။ ငြီးငွေ့ရာဆုံးစရာ အစ . . . . . . . . . . ၅၁
၄၉။ အလိုလိုဖြစ်နေတာ . . . . . . . . . . ၅၂
၅၀။ ခိုသံ . . . . . . . . . . ၅၃
၅၁။ မိုးလင်းရင် . . . . . . . . . . ၅၄
၅၂။ အမည်မဲ့ . . . . . . . . . . ၅၅
၅၃။ အမည်ပေး . . . . . . . . . . ၅၆
၅၄။ အဝေးဟန် . . . . . . . . . . ၅၇
၅၅။ မနက်များများ ကော်ဖီအမေး . . . . . . . . . . ၅၈
၅၆။ ရယ်စရာလိုလို . . . . . . . . . . ၅၉
၅၇။ အရာဖြစ်သော အရာ . . . . . . . . . . ၆၀
၅၈။ မျဉ်းတစ်ကြောင်းထဲမှာပဲ ဘောင်ဆန်ချင် . . . . . . . . . . ၆၁
၅၉။ ဒီခေါင်းစဉ်က ပုံမှန်ပါ . . . . . . . . . . ၆၂
၆၀။ အလွဲရနေလည်း အလွဲမရတဲ့ အဖြစ်ကြုံ . . . . . . . . . . ၆၃
၆၁။ အရောင်ဆိုးခံချင်လွန်းတဲ့ မိုးတိမ် . . . . . . . . . . ၆၅
၆၂။ ဘာပဲပြောပြော ဘာပဲဖြစ်ဖြစ် . . . . . . . . . . ၆၆
၆၃။ တိမ်သားအောက်မှာ အရိပ်လို . . . . . . . . . . ၆၇
၆၄။ ဟိုက်ပါ . . . . . . . . . . ၆၈
၆၅။ ခိုလမ် (ခိုခမ်း) . . . . . . . . . . ၆၉
၆၆။ အမည် . . . . . . . . . . ၇၀
၆၇။ ၁၉၉၉ . . . . . . . . . . ၇၁
၆၈။ ရောက်ရာအရပ်ကပြန် အရောက်ပြန် . . . . . . . . . . ၇၂
၆၉။ ဟိုရောက်ဒီလွင့် အပွင့်က နှင်းခါးကျ – ၁ . . . . . . . . . . ၇၃

mgyoe.com

mgyoe.com

၇၀။ ခရီးတစ်လျှောက် လမ်းတစ်ထောက်များ . . . . . . . . . . . ၇၅
၇၁။ လွှိုင်လင် – ၁၇ . . . . . . . . . . . ၇၈
၇၂။ ချယ်ရီပွင့်ချိန် . . . . . . . . . . . ၈၀
၇၃။ ပွဲတော်ည . . . . . . . . . . . ၈၁
၇၄။ သားအဖ . . . . . . . . . . . ၈၂
၇၅။ ငါနဲ့ မြို့ . . . . . . . . . . . ၈၃
၇၆။ တိမ်တွေ ပြန်သွားတဲ့နေ့ . . . . . . . . . . . ၈၄
၇၇။ အခြားတစ်ဘက်မှာ . . . . . . . . . . . ၈၅
၇၈။ ငါ့ကျောပေါ်က လမ်းကလေးတွေ . . . . . . . . . . . ၈၇
၇၉။ အတွေးတိတ်တိတ် . . . . . . . . . . . ၈၈
၈၀။ လမ်းကလေး ရေထဲဆင်းသွားပြီ . . . . . . . . . . . ၈၉
၈၁။ လက်ဖြည်ချထားတဲ့ လမ်း . . . . . . . . . . . ၉၀
၈၂။ ခရီးထဲမှာ ငါပါသွား – ၃ . . . . . . . . . . . ၉၁
၈၃။ ခရီးထဲမှာ ငါပါသွား – ၂ . . . . . . . . . . . ၉၂
၈၄။ ခရီးထဲမှာ ငါပါသွား – ၁ . . . . . . . . . . . ၉၃
၈၅။ လွှိုင်လင် – ၁၀ . . . . . . . . . . . ၉၄
၈၆။ ကိုယ်က ပင်လယ်ထဲ ပင်လယ်ရှာ . . . . . . . . . . . ၉၅
၈၇။ ပုံတူ . . . . . . . . . . . ၉၆
၈၈။ ဟိုရောက် ဒီရောက် အပွင့်က နှင်းခါးကျ – ၃ . . . . . . . . . . . ၉၇
၈၉။ လွှိုင်လင် . . . . . . . . . . . ၉၉
၉၀။ ပုံရိပ်များ . . . . . . . . . . . ၁၀၈

❒

mgyoe.com

mgyoe.com

## မိုးဖြူသို့မေတ္တာစာ

၁
နှလုံးသားဟာ နေရာအမှန်မှာရှိပါတယ်။

၂
ဆူးလေလမ်းမှာ အမြင့်ပျံရန်ကုန်မှာ ကမ်းလွန်ပင်လယ်မှာ
အလွမ်းကို ဆယ်ယူသော လှိုင်ဆမ်စစ်ဆိုတဲ့ တောင်တန်းများမှာ။

၃
လှိုင်လင်မှာ လှိုင်လင်ရဲ့ အခြားတစ်ဖက်မှာ
လူမှန်နေရာမှန် ကဗျာအမှန်မှာ။

၄
အဲဒါ
ကျွန်တော်ပြောတာမဟုတ်ပါဘူး
အဲဒါ
သူ့ကဗျာတွေက သူ့ဘာသာ
ပြောနေတာ။

mgyoe.com

mgyoe.com



၂

ဖြူသောမိုးထဲ သူဘယ်လိုယူခဲ့တယ်မသိ မိုးဖြူဖြူလို့ ယူရင်ရတဲ့ မိုးဖြူ ကဗျာတွေ လွိုင်လင်တွေ လွိုင်လင်ရဲ့ အခြားတစ်ဖက်တွေ ဆိုပေမဲ့ ကဗျာမှာ သူ့ဘက် ကိုယ့်ဘက် အခြားတစ်ဖက်ဆိုတာ မရှိ နှလုံးသား ဘက်မှာသာ အားလုံးငြိတွယ်လို့ ပြောပေးလို့ သိသွားရမယ့် ကဗျာထက် သူ့ဘာသာသွားရမယ့် ကဗျာလမ်းက သူ့အတွက် ပိုကောင်းပါတယ်ဆိုတာ ကို ကျွန်တော်မြင်ကြည့်လို့ ဘယ်ဟာထည့်မယ် ဘယ်ဟာချန်ခဲ့မယ် ကဗျာစာအုပ်တစ်အုပ်ငယ်စာ သူ့ကဗျာတွေကို ပြန်လည်စိစစ်ရှုကလွဲရင် ဒီစာအုပ်ထဲ ကျွန်တော့်အမှာစာလို့ ဆိုရတော့မယ့် စာမျက်နှာထဲ သူ့ ကဗျာတွေကို စာသားစိစစ်ဖို့ ကဗျာအကြောင်းပြောဖို့ ဘာအစီအစဉ်မှ မရှိပါဘူး။

၄

ဘဝဟာ အလွမ်းအဆွေးရဲ့ အတွေးနဲ့ ငေးငိုင်မှုနဲ့ တစ်နေရာမှာ ရပ်နား တစ်သွားတည်းသွားသွားနဲ့ တစ်ပတ်ပြန်လည်လာ ပုံမှန် တည်ရှိနေရာက ကဗျာ့ ကိုယ့်ဘာသာ ကဗျာ။

၃

လူဟာ ဘဝကိုကျော်ပြီး ပြောလို့မရပါဘူး။ တကယ့်ဘဝသာလျှင် တစ်ယောက်ချင်းစီရဲ့ တကယ့်ကဗျာ တကယ့်ကဗျာမှ စိတ်ကူးနဲ့ ရောင်စုံ ပန်းများပွင့်ဖူး အဆင်းရနံ့နဲ့ အလှတရားများ မြူးလို့ ကမ္ဘာလောကကို ဝတ်မှုန်ကူးနိုင်ပါစေကြောင်း။ ။

စိုင်းဝင်းမြင့်

၁-၇-၂၀၁၇



mgyoe.com

mgyoe.com

# တိမ်ယောင်ဆောင်သော မီးခိုးများ

တိမ်မည်းတစ်အုပ်မိုးဟန်လုပ်နေတယ်
တကယ်က အမှိုက်ပုံ မီးရှို့လိုက်ခြင်းက
အမည်းရောင်မီးခိုးလုံးတွေ
ကောင်းကင်မှာတိမ်အလား
ဝေးလေလေ တိမ်အယောင်ဆောင်ကောင်းလေ
ညနေတိမ်တွေ ရွာချတော့မယ့်တိမ်တွေလို
မိုးညိုကောင်းကင်ထဲများဆို ခွဲမရ
ဘဝမြင်ကွင်းကျယ်က တိမ်တွေလိုမြင်ခဲ့တာ
တိမ်အယောင်ချစ်ခြင်းများ
မီးလျှံထက်က စိတ်အခိုးများ
ကောင်းကင်ရောက်ရုံနဲ့ တိမ်လိုဘဝင်များ
ရွာမလိုမာယာအပြားပြား
မီးခိုးလို့ထင်ရက်မလားတဲ့
တိမ်တစ်ညိုမိုးတစ်ခိုနဲ့ ရက်ဆက်မယ့်သူတွေက
တိမ်လိုငွတ်ယုံခဲ့တာတွေက
ရယ်စရာမှော်ပုံပြင်တွေမှ မဟုတ်ခဲ့တာ
တကယ်တမ်း
မလွမ်းချင်ဘဲလွမ်းခဲ့ရ
တိမ်ယောင်ဆောင်သောမီးခိုးများ။ ။

၁၉၊ စက်တင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ညှိလိုက်ရင် ပြင်ကုန်တယ်

ဘယ်နေရာမဆိုလိုတာတွေးလိုက်တဲ့အခါ
မလိုတာတွေလည်း အပိုရနေပြီးသား

သွားမယ်ဆိုသွား အနားမသတ်လိုက်ဘဲသွား
အလွှင့်ဆိုတာ အခွင့်အရေးပဲ

ချစ်သောအခါ
ချဉ်စော်ခါးသီးဟင်းရည်လောက် ချိုဦးမလား

တစ်မနက်လုံး
တက်ဖြုန်းလိုက်တာ ဘဝက ကုန်ခဲ့ပြီးပြီ။ ။

၃၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# ရင်ဘတ်ထဲထည့်ထားမိသောနာမ်အချို့

ငြင်းသမျှမလိုအပ်နေတာလား
မလိုအပ်တော့လို့ ငြင်းတာလား
မလိုချင်တာရတဲ့အခါ
လိုချင်စိတ်မရှိဘူးလို့ပြောသူ
အမှတ်မှားစရာစကားလုံးတွေ
အမှားမှတ်ရှုမိမစိုးတယ်
လက်ဆိုတာကလည်း စကားသံဖြစ်စေနိုင်တယ်
ယုံပါဆိုတာ နိမိတ်ပြစကား
ကမ္ဘာကို အသံတွေ ခုခုထားပြီးမှကြားရတာ
နားဆိုတာ တွေးသိမပါဘူး အကြားသက်သက်
ဒီ့ထက်ရက်ဆက်လာရင် ပျက်တော့မယ်
အမှားကြာအမှန်ဖြစ်တယ်လို့ထင်လိုက်တာ
အချိန်တန်တော့ ကြေးဆိုတာ ကွာကျလာမှာပဲ
အမှန်က အမှန်အတိုင်းရှိနေခဲ့တာမပျက်
အတက်ကပျက်ကျလာရင်တော့ ပိုနာမယ်
ငါဆိုတာ ငါတို့ကို မြင်မရအောင်ထူခဲ့တယ်
ပြေးလိုက်တယ်ဆိုတာ ပြေးနေတာလည်းဟုတ်တယ်
လိုက်နေတာလည်းဟုတ်တယ်
ကမ္ဘာက လုံးနေတာကိုး
ပြားတယ်ဆိုတဲ့ခေတ်မှာ
အဆိပ်ခွက်ဟာ သောက်ကောင်းတဲ့ အမှန်တရားပဲလေ။ ။

၂၆၊ စက်တင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ညအုံးခါနီးအာထိရှိခဲ့ဖူး

သိပ်သည်းဆတွေတော့
ငါ့လက်ထဲမှာ ရှိနေသေးတယ်။

ငါက သူမဟုတ်တော့ဘူး။

မှော်ဆရာတမ်းချင်းအကုန်မှာ
ပန်းသီးတစ်လုံးတလေမကျန်မှ
လွဲနေတဲ့ မြစ်ကူးတံတားမှာ ကြိုးက ကျိန်စာဖြစ်ရတယ်။

အခါခါပြိုကျမယ့် ကောင်းကင်အားကိုးနဲ့
မြစ်ဟာ သူ့လမ်းသူပြန်ပြန်စီးပြီး ဆင်းသွားနေတယ်
ဆင်ခြေကောင်းကောင်းဆိုတာက
ယတြာကောင်းကောင်းကို အမြဲရှာတွဲနေတုန်း ဒီဘက်ခေတ်ထဲအထိ။

အဝါရောင်သမ်းချင်နေသော
စိမ်းမြဆောင်းတွေ ခဏရပ်ပေးပါ
အဲ့အတွက်
အရာရာမိုးမလင်းခင်
သိပ်သည်းဆတွေ ငါလွှတ်ချလိုက်ပါ့မယ်။

၆၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# ညနေခင်းထဲအရောက်ပြန်လာမယ်

သစ်ရွက်ကြွေတာထက်ပိုတယ်
ဘဝတစ်ခုပြတ်သွားတဲ့အထိဆိုပါတော့
တစ်ခါပြန်လာရဖို့
လိမ္မော်တွေတစ်ခါပြန်သီးတဲ့အထိ
ရိုးရိုးလိမ္မော်ဘဝကနေ ပျားလိမ္မော်ဖြစ်သွားတဲ့အထိ ကြာခဲ့လိုက်တာ
ဘာမဆို
တချို့စကားတွေက သေပြီးပြန်လာချင်တဲ့အထိ သံသရာကို ဆက်စေလို့ပေါ့
ယုံမိရင် ထင်းရှူးရိပ်မှာ ထင်းရှူးသီးက
အပင်ပြန်ရတဲ့အထိ
ချယ်ရီပင်အောက် ချယ်ရီပန်းတွေပြန်ပွင့်တဲ့အထိ
ရင်ဘတ်တွေနဲ့ ချစ်ရင်ချစ်တယ်ပဲပြောလိုက်တာ
စကားမှန်တွေက တရားမှာထန်နေလည်း
ခုတော့ ငါတို့ပြန်ရောက်လာပြီ
တောင်ပေါ်တောတန်းတွေလိုဆက်ဆက်ပြီး
တောင်ယာတွေ ဆောင်းထဲမှာ ကောက်သစ်ရသလို
ငါတို့ ပြန်လာခဲ့တာလေ
ဆောင်းဆန်တဲ့လေပြည်တွေက ငါတို့ပါ
ငါတို့က အအေးဆန်ပြီး အနွေးချန်ထားမယ့်သူတွေပါ
ငါတို့ကို ချယ်ရီတွေလိုပဲ ပြုံးပြပါ
တစ်ရောင်တည်းသော ချယ်ရီပန်းတွေလို ဆောင်းထဲချန်ပေးပါ
ဘယ်နွေထဲမှမဖူးသော ချယ်ရီလို ကျန်နေပေးပါ
ဒီညနေခင်းထဲမှာ ငါတို့ ပြန်လာခဲ့ပြီ။ ။

၂၀၊ စက်တင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


## မင်ဖြစ် .

မြို့လိုလိုရွာလိုလို
ဆေးရုံကို သင်္ချိုင်းကမျက်စောင်းထိုး
ကယ် ကြိုက်ရာရွေးဆိုသလို
တရားသဘောနဲ့အထာကျ
တစ်ရွာလုံးမှာ ဈေးကအသထို
အမည်နဲ့လိုက်အောင်အပင်ဖြစ်
အပင်ချစ်ဖို့ကတော့ အလိုအတိုင်း
ကားလမ်းမှာကျောခင်း
အရေခွံတော့ အတော်ထူပုံရတယ်
ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ရှမ်း၊ ဗမာ
အင်းစပ်နဲ့ ထနော အရောရော
ပြောမနာ ဆိုမနာ သောဓလေ့
ကွင်းပြင်မှာ နေထိုင်ရင်း ကျဉ်းကျဉ်းလာလို့
သူ့ဘောင်တောင်သူ မခတ်နိုင်တော့ဘူး။ ။

၄၊ ၂၀၁၃။

mgyoe.com

mgyoe.com



# မပါသောကမ္ဘာတွင် ပါသောအပိုင်း

မျက်လုံးဝါဝါတွေမြင်ရတိုင်း
ပြာဖြစ်သွားတဲ့မီးစတွေလိုပဲ
ဘာမဆို အစပြန်မဖြစ်နိုင်တာမမှားခြင်း

ရင်ဘတ်ထဲမှာ ဆူးတွေဖူးနေအောင်
ခရီးသွားခဲ့တာမဟုတ်ဘူးကလေးရေ
ပြောစရာတွေ ပြေပါစေလို့ ပြန်ခဲ့လိုက်တာမျိုး
အပျံမရတော့တဲ့ ကမ္ဘာအထိဆိုပါတော့

ဒီကြားမှာပါဒတွေ ချန်ထားခဲ့လိုက်တယ်
ဆွေးမြည့်စရာတွေ ပေါ်သီလွှန်းလို့ပါ
လေထဲမှာ လှေပါစေမဟုတ်ဘဲ
လှေထဲမှာလေပါမှ ရေမှာနေရမှာမို့ပါ

စကားရိုးရိုးပြောရမယ်ဆို
လက်ကျန်ရက်တွေ ရေတွက်ရတိုင်းလှပါစေ။ ။

၁၀၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com

# ရုပ်တန့်ညနေခင်းများ

ထင်းရှူးရနံ့က အသက်ရှူသံ
ထင်းရှူးရိပ်တောတန်း
တောင်ခြေစမ်းတွေ မှန်းပြီပြန်လာခဲ့
သက္ကရာဇ်များ။

တစ်ချိန်လုံး ပျံ့သန်းနေတဲ့ ငှက်မရှိလည်း
စူးနှစ်စရာရင်တောင်မရှိသူက
ရှိတယ်ပဲ တစ်ချိန်လုံးပြောနေတော့တာခုသထိ။

ကျေးဇူးတင်ပါတယ်
ခေတ်ရဲ့ ပင့်သန္တာရစကား
အဝင်အထွက်မှာ အလကားရသလိုထင်ပြီးမရခဲ့
ပျက်ကျစိတ်ယာဉ်တန်း။

တကယ်တော့
အဝင်ခေါ်ဆိုမှုပိတ်ထားတဲ့ဖုန်းကို
ဆက်နေချင်သူဆိုတာ ကိုယ့်ဖုန်းက အဝင်ခေါ်ဆိုမှုကို
ပြန်ရဖို့မေ့နေသူ
ပြောစရာတွေကုန်တဲ့တစ်နေ့တော့
မေ့စရာတွေရတော့မယ်။ ။

၅၊ နိုဝင်ဘာ၊ ၂၀၁၇။
**3:23 PM**

mgyoe.com

mgyoe.com



## ကြိုသောနှစ်သစ်

ဘယ်လောက်ပဲနောက်ကျကျ
ရောက်တဲ့နေရာကပြန်ချင်တယ်
တသွင်သွင်စီးတဲ့စမ်းလို့ မပြတ်သောချစ်ခြင်းဆီ
ဒီနှစ်မှာရှိလို့ ဒီနှစ်ထဲဒီနေ့ရ
ကောက်သစ်ကပေါ် ဦးပေါ်ဖျားနှစ်တိုင်းရ
နှစ်တိုင်းနှစ်သစ်များ အရောင်တွေလိုက်ခွဲလည်း
ပျော်ခဲပျော်ကျ ပျော်မြဲပျော်ရအပျော်ဖျ
သန်းခေါင်ယံဆောင်းညထဲ
ချယ်ရီတစ်ပွင့် ဆောင်းပြန်သစ်တယ်
ငါတို့က အမြဲကြိုရောက်တတ်
နှစ်သစ်စောင့်တိုင်း အရောက်ပါမလာဖို့
နှင်းထဲလေထဲဆောင်းထဲ
အေးခဲကျန်ခဲ့ခြင်းဟာ စစ်မီးများသာ ဖြစ်ပါစေ။ ။

၁၈၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# အာပဲဖြစ်ဖြစ်ပေါ့

မြစ်ကိုဆယ်တော့
ပင်လယ်ထဲမှာ
ဘွားခနဲညကိုပြန်တွေ့ရ
တိတ်တိတ်ကလေးပြန်ထွက်သွားမို့
မေ့စရာတွေသွန်ခဲ့တယ်
ကြေးညှိရောင် သံသယဆိုတာ
အဆာကြွယ်သလောက် အစာကြွေခက်တယ်
တစ်ရက်လောက် အရိပ်ဖျောက်ပေးပါ
သစ်ပင်ယောင်ဆောင်ရတာလည်း မောလှပြီ။ ။

၁၇၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## ဖြတ်သွားဖြတ်လာလှိုင်းများ

ရေထဲထိုးဆင်းသွားတဲ့ကြယ်လို့
ထင်ယောင်ထင်မှားဖြစ်ခဲ့တာဆိုလည်း
ကြယ်ကြွေတေးကရှိနေဆဲ
ကြယ်ကြွေဆုတောင်းကကျန်နေခဲ့

မျက်ဝန်းကဒီထက်အရောင်တောက်ရအောင်
အကြည့်တွေကိုရှောင်လွှဲဖို့လားမေးစရာဖြစ်လာ
ဘာမဆိုလိုအပ်သလောက်သာရဖို့ကောင်းတယ်

နှင်းရည်ကြောင့်အလှစိုတယ်
နှင်းခါးစက်တွေကြောင့်လောင်နွမ်းရတဲ့
ဆောင်းရာသီပန်းတွေအကြောင်းက တစ္ဆေပုံပြင်မဟုတ်ဘူး

ရှုံးမယ့်သူက ရှုံးစရာမကြုံသေးလို့
ကြုံတာနဲ့တန်းရှုံးတယ်
လက်ငင်းကြုံတဲ့အဖြစ်က အရှုံးတရားခံဖြစ်ရော
အမြဲဒီလိုပါပဲပြောရတယ် အမြဲ။ ။

၂၈၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# တောင်ယာနှာကျနေတဲ့အရပ်

ငါတို့ရောက်ခဲ့တော့
သက်သေလိုက်မယ့်သူက
မြေကြီးကလွဲလို့မရှိ
အဘွားအသက်ကိုတောင်ယာနဲ့တွက်တယ်
မြေးအသက်ကို ဝါဝင်ဝါထွက်နဲ့တွက်တယ်
သူတို့အတွက်
စီးဆင်းနေတဲ့စမ်းချောင်းက ဘဝမှာ အကြီးကျယ်ဆုံး
ပင်လယ်မလိုတာထက် ပင်လယ်လိုလောဘလည်းမလိုဘူး
ပင်လယ်လို ကြီးကျယ်မယ်ဆို ကိုယ်ချင်းစာတရားကြီးကို ကျယ်ကျယ်လိုချင်ခဲ့
စကားတွေထပ်ရင်ထပ်မယ်
ဝေါဟာရကွဲချင်ကွဲမယ်
သူတို့ရိုးသားခြင်းက မလွဲခဲ့တာ သေချာလွန်းတယ်
တောင်ယာမှာ ရွှေမထွက်ဘူး
တူးဆွသမျှအရိုးတော့ထွက်နိုင်တယ်
နွေကိုမကြောက်လည်း အပူထဲ အပူရမှာစိုးတယ်
တိမ်တွေအငိုမရမှာ စိတ်ပူတယ်
ရာသီဥတုကို ငါတို့ ကိုးကွယ်ခဲ့တယ်
ရာသီဥတုက လူတွေကို အားမကိုးခင်ကတည်းက
နေထိုင်ရှင်သန်ခဲ့ခြင်းက တစ်ဖက်ခြမ်းလုံးကုန်ခဲ့တာဆိုတော့ ကြာပေါ့။ ။

၂၇၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## မီးမုံးမျှ

မီးကိုဘယ်လိုတွေ့လဲဆိုတာကနေ
မိုးထက်မှာ မီးကို ပင့်တင်လိုက်ကြတယ်

အဖြူ အမည်းကနေ
အလင်းအမှောင်ကိုချဲ့လို့
အရောင်စုံတွေက စိတ်တွေကိုခြယ်ပြတယ်

ပျံသန်းစရာတွေရှိနေသေးရင် လွှတ်တင်တယ်
လွှတ်တင်စရာတွေရှိနေသေးရင် ပျံသန်းတယ်

မီးနဲ့ယမ်းနဲ့
မီးကုန်ယမ်းကုန်
မိုးလေလွတ်ရင် စစ်ခင်းကစားကြတယ်

ယမ်းနံ့ရရင်
ပျော်ရွှင်ခြင်းတွေနဲ့နီးလာပြီ
ဒီလို အဆုံးသတ်သော ရာသီကိုပဲ ရစေချင်။ ။

၂၂၊ နိုဝင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com


# အိမ်ကလေး

ဖြည့်ရေးဖို့မကျန်တဲ့
ဖတ်စာတစ်အုပ်မဟုတ်ဘူး
ဗလာစာတစ်အုပ်လို
စိတ်တိုင်းကျရေးနိုင်ခွင့်တွေပြည့်နှက်လို့။ ။

၂၆၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# အကာအောက် ကတိအတိုင်း ပြန်ရသောအခါ

အမြင့်ဆုံးရောက်မှခုန်ချမယ်
အနိမ့်ဆုံးက အနီးဆုံးကို ပြန်ရောက်သွားလည်း

အချိန်ကြာလေလေ အချိန်မရလေ
မက်သောအခါ အိပ်မက်လည်းမက်စက်
ပျော်သောအခါ ပျော်ခက်လည်းပျော်မက်တယ်

စိတ်မှာ အနိမ့်အမြင့်မရှိဘူး
ရှူးသူတွေသာ အတိုင်းအတာကိုရှူး
ထူးသူတွေက တိုးလျှိုပေါက်ဖြတ်သန်းနေ

ဘောင်ဝင်ဖို့လိုတယ်ဆိုရင်သေပြီ
ရှင်နေတဲ့ကောင်က အသေမခံ
မတည်မြဲတာကို လိုက်မဖမ်းဘူး
လိုက်ဖမ်းနေတာ တည်မြဲခြင်းမဟုတ်

စီးဆင်းနေသမျှကို ချစ်ခဲ့လိုက်တာ
ငါ့ကို ဘယ်သူမှ ရခဲ့လိုက်မယ်မဟုတ်ဘူး
ငါကလည်း ဘယ်သူ့ကိုမှ မရခဲ့လိုက်ချင်ဘူး
ရှိသောရှိခြင်းများသာ ဆက်ဆက်ရှိ
ချစ်သောချစ်ခြင်းများသာဆက်ဆက်ရှိ
တော်ရောပေါ့။ ။

၂၃၊ နိုဝင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# ညည်းသောအငြိမ်း

တစ်ပင်လုံးကိုင်းညွှတ်တဲ့အထိ
ဝေပေးခဲ့ပြီးပြီ

ရှိခဲ့ခြင်းတွေ ဆက်ရှိနေသလိုထင်သွားအောင်
မရှိမဲ့ပေးခဲ့တာ ငါးတစ်ကောင်ရေမကျသလောက်ကို မကျန်ဘူး

ဒါနောက်ဆုံးပဲဆိုလည်း
နွေဦးနှင်းကွဲသလောက်ပါပဲ
မိုးသားတွေ ပြန်ချိန်မှာ ပြန်ပြန်ရနေဆဲ

ကြောက်စရာအကောင်းဆုံးက ကြောက်ရကောင်းမှန်းမသိတာ

ဘယ်လောက် စကားကောင်းကောင်း နားချိုရုံလောက်နဲ့တော့
ဘဝကချိုမနေပါဘူးကွာ

ယုံကြည်တာလေးတစ်ခုလောက်နဲ့
ဘဝကို သမုဒ္ဒရာမှာ ပစ်ချရဲကြတယ်

ချစ်ခြင်းနဲ့သာဆိုငါက
အကုန်ရခဲ့တာ ကြာပေါ့။ ။

၇၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# အချို

ဘာမှမရနိုင်လည်း ပြုံးစရာကျန်ရင်နေပျော်ပြီ
ကြယ်တွေအစား ပြန်မရလည်းဖြစ်တယ်
ရေတွက်စရာမပါသောနာရီဆိုလည်းဖြစ်တယ်
ဘယ်လိုတည်တည် ဘယ်လိုစားစား
ချစ်ခြင်းမကြွင်းလည်းရတယ်
တကယ်တမ်းလည်း
လိုချင်စရာများတဲ့အထဲ လိုတာမရတဲ့တိမ်တွေမှာ
ကိုယ့်လောဘက အကုန်စဉ်ထွက်သွားတာကြာခဲ့ပြီမို့
ကျန်ရစ်မယ့်အပြုံးက လုံလောက်လွန်းနေပြီ။ ။

၁၅၊ မတ်၊ ၂၀၁၈။

mgyoe.com

mgyoe.com

# မျှော်ရှင်

ညတစ်ခင်းလုံးလင်းမလာခင်
လွမ်းတဲ့အခါပြုံးပါ
ယုံရရုံနဲ့ ပြန်မလာနိုင်တော့ဘူးဆိုရင်တော့
မေ့ထားလိုက်တာသိပ်နီးတယ်
တနင်္ဂနွေကဘယ်တော့မှမကုန်
ပြန်လာချိန်လည်းရှိနေဆဲ
ငါက တနင်္ဂနွေ
ဘယ်တော့မှ မဖြောင့်တဲ့ဆံပင်လိုတနင်္ဂနွေ
နွေဦးထဲမှ ဥဩဆန်စရာလား
တကယ်ဆို မလိုချင်တာရပြီးမှတော့
မရချင်တာတွေ မလိုတဲ့ဆုပဲလိုချင်ရမပေါ့
ခုတော့
သိပ်စကားနည်းသူက ဉာဏ်ပညာဖြစ်ရတယ်
နေကောင်းကျန်းမာပါစေ ဆုတောင်းပေးရုံကလွဲလို့
ဘာကိုအလိုကြီးနေရဦးမှာလဲ။ ။

၂၈၊ ဖေဖော်ဝါရီ၊ ၂၀၁၈။

mgyoe.com

mgyoe.com



**မကာ်န်း**

မပြုံးတတ်ပေမဲ့
ပြုံးပြတတ်သူပါ ငါက

ဝတ္တရားတွေကို လျှော့နည်းသွားတဲ့အထိ
အပိုဆာသားမပါလည်း ရက်တိုင်းနေ့ညစုံခဲ့တယ်

တောတိုင်းတောင်တိုင်း
မာယာမဲ့ငါဖြတ်သွားရဲတာ
ကြောက်စိတ်တစ်ခုတည်းကို အရဲကိုးခဲ့တာ

အအေးမကြောက်ပေမဲ့
စိုထိုင်းထိုင်းမကြိုက်တဲ့အစုထဲမှာ ငါပါတယ်

mgyoe.com

mgyoe.com

အယုံကြည်လွန်သွားတဲ့အခါ
မယုံခြင်းတွေ ပုံမှန်စီးဆင်းတော့မှာပဲ
ဒါထူးထူးပြီး ဆန်းစရာမရှိ

မြေသားဖြစ်ရင်ဖြစ်မယ်
ရေပြင်ဖြစ်ရင်ဖြစ်မယ်
ဖြတ်ကိုကူးရမယ်ဆိုတာက တကယ့်ဘဝပဲ

အာဏာဆိုတာ အချိန်မှန်စားသုံးနေရရင်
စွဲလမ်းစရာမဟုတ်ဘူးလို့ ပြောတတ်သူကို
ပြုံးမိသွားတယ် သူ့မြင်ကွင်းမှာ ငါက

နောက်ဆက်တွဲပေါ့
ဒီနေ့ခင်းမှာ
ငါ့ခေတ်တွေ ငါ့ကို ပြန်မသယ်နိုင်တော့ဘူး။ ။

၇၊ ၂၀၀၀။

mgyoe.com

mgyoe.com



## စကားလုံးအသုံး

တကယ့်တကယ်က
ကမ္ဘာကြီးကို စကားလုံးတွေနဲ့ ထောက်ကန်ထား
ဖြစ်နိုင်သမျှ
စကားလုံးတွေ အသုံးနည်းနည်းလျှော့။

မီးခိုးလို၊ ဆပ်ပြာပူဖောင်းလို၊ သားရေဘောလုံးလို၊ သံလုံးလို စကားလုံးတွေ။

မုန်တိုင်းလို၊ လေပြည်လို၊ စစ်ပွဲလို၊ ရယ်ပွဲလို စကားပွဲတွေ။

ရေစိုရွဲရွဲလို၊ သွေးသံရဲရဲလို စကားတောက်တောက်တွေ။

ခြောက်ကပ်တိတ်ဆိတ်လို၊ ပဲ့တင်သံလို စကားဆန်းတွေ။

mgyoe.com

mgyoe.com


ငြိမ်းချမ်းမှုလို၊ လွတ်မြောက်ခြင်းလို၊ တုပ်နှောင်ခြင်းလို စကားကြိုးတွေ။

နားပူနားဆာလုပ်သလောက်
နားအပူဖြစ်စေသော စကားအူတွေ။

ပုံပြင်လို၊ လက်တွေ့လို၊ မာယာဆန်စကားတွေ။

ကမ္ဘာက ဒီကမ္ဘာထက်မှာ တစ်လက်မရွေ့မရ
အမှားတူးသလောက် အမှားအရနည်းမလားလို့
နည်းနည်းလျှော့
စကားအသုံး နည်းနည်းလျှော့

ကမ္ဘာကြီးကို စကားလုံးတွေနဲ့ ထောက်ကန်ထားတာ။

၆၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



# အချိန်ကချိန်မရနေဘူး

အဂ်ီါ ဗုဒ္ဓဟူး ကြာသပတေး စနေ
သောကြာတစ်ရက်ကိုပဲကစားသလို
ဖျတ်ခနဲခုန်ကျော်လိုက်
ဖတ်တင့်ငံ့အရွေ့တွေ မြွေအရေခွံလိုလဲပလိုက်
လူထဲပြုတ်ကျသောလူ
မိုင်တစ်ရာရောက်ခဲ့ပြီးသူအတွက်
သုညမိုင်က စလာသူကိုစောင့်ဖို့
မိုင်တစ်ရာကရပ်နေမှ မသေမှရယ်
အချိန်တွေဟာ ဘယ်တော့မှမစောင့်တဲ့တရား
မိုးထဲမိုးခိုပြေးရင်း ချော်လဲကျသူအဖြစ်က
ကိုးရိုးကားရားရယ်ရတယ်
အသက်မပါခင်ချိန်အထိ
ရယ်ခွင့်လည်းရှိတယ် လဲကျသူကိုယ်တိုင်
ဘဝဆိုတာ ပြန်ပြန်ဆက်ရုံနဲ့ ကြိုးတစ်ချောင်းဖြစ်ခွင့်လည်းရှိခဲ့တယ်
ဘာမဆို အကောင်းဆုံးအဖြေကလည်း အချိန်ပဲပေါ့။ ။

၂၅၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# အမြင်ခွံ

ညမှာအရောင်မဲ့ချိန်ရှိတယ်
စောင့်မနေလည်းရောက်ရ
ကြယ်တွေကုန်မှငိုစရာကုန်တယ်
ကြယ်တွေကျန်သရွေ့မချော့နဲ့

အတောက်ပဆုံးဖြစ်ချင်ရင် ကြွေသောကြယ်ဘဝကိုရွေး
ရမရထက် ရချင်ရင်ရ
ရချင်သမျှ လုပ်ခဲ့တာ လူကြိုက်နည်းခဲ့တယ်ဆိုရင်
လူကြိုက်များတာဘာလဲ သိခဲ့မယ်

ရွေးစရာနေပျော်စရာဟာ အနှောင်အဖွဲ့ကင်းတာသေချာ
ငါ့မှာ အရောင်ကင်းမဲ့ချိန်ရှိလိမ့်မယ်
စောင့်မနေလည်းရောက်ရ
ငါက ငါ့ကိုယ်ငါ ရွေးခဲ့တာ ဒီကမ္ဘာထဲမှာ။ ။

၂၃၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com



## မီးမှုံးမျှ

ပျော်ရွှင်မှိုင်းတွေဝမှ အမြင့်ဝေးကိုပျံသန်းသွား
အလှဆုံးဆင်ခဲ့တယ်
အယုယဆုံးကြည့်နေခဲ့တယ်
ကျန်ရစ်သူတွေဝေးလေပျော်လေ
ပြန်မလာသေချာခြင်းကပျော်ရွှင်ရ
ယမ်းနံ့မှာကျေနပ်အားရဖုံသံဝေ

ဘဝမှာ ဝေးလေပျော်လေ ဘယ်နှရာသီရခဲ့လဲ
ချန်ထားခံရတိုင်း ပျော်ရွှင်သောကောင်းကင် ငါတို့ဖြစ်ခဲ့လား

တော်ပါ
အရာရာဟာ အကြောင်းကြောင်းနဲ့စ
ဒီလိုရန့်သက်တွေထဲမှာ
ဦးထုပ်ပြောင်းဆောင်းလိုက်ရင်ပဲ
ဘယ်လိုဝေးဝေး နေသားကျနိုင်သလိုဖြစ်ခဲ့။ ။

၁၇၊ အောက်တိုဘာ၊ ၂၀၁၇။

mgyoe.com

mgyoe.com


# လွိုင်လင် - ၃၅

အရိုးခံစကားလုံးလောက်နဲ့
တိမ်ကောမသွားခဲ့ စနစ်ထဲကလာတဲ့မြို့

ရာဇဝင်သံမပါပေမဲ့
သူ့မှာလည်းသူ့သားနဲ့ သူ့ဘုရားနဲ့
သူ့ဓားနဲ့သူ့သွေးပြီး တက်လာခဲ့ရတာ ခေတ်ထဲ

နွေရာသီရေပေးချောင်းကောခဲ့သလို
ကန်အလှကို ဟန်ပြရခဲ့မှာတော့စိုးကြောက်
တိုးတိုးတိတ်တိတ်အေးသလိုနဲ့
နေပျောက်နှင်းထဲချစ်ခြင်းတွေထူခဲ့တယ်ခုသထိ

အပြောင်းအလဲကို လက်ခံပေမဲ့
ဗလောင်းဗလဲဆို အေးစက်စက်တုံ့ပြန်တတ်
ခဏလာတဲ့ဧည့်သည်ကို
ညစျေးတန်းနဲ့စူးစမ်းတတ်သော
နာရီစင်ကလေးရှိနေတဲ့မြို့

ကြည့်မြင်ရာတောင်ပတ်လည်ထဲ
ရင်ခွဲအတက် မြွေအသွားလိုလူးလွန့်ဆင်းရင်
လှမ်းမြင်လိုက်ရတဲ့ ထင်းရှူးအရိပ်နဲ့မြို့ပေါ့။ ။

၂၇၊ ဇန်နဝါရီ၊ ၂၀၁၈။

mgyoe.com

mgyoe.com



# လွှိုင်လင် - ၃၄

နှင်းစိုရင်အလှပို
ပါးမို့နှစ်ဖက် နီစွေးလာရင်
မှိုင်းပြာပြာတောင်တန်းကြီးငေးရတဲ့အထိလှတယ်

ခုနှစ်သက္ကရာဇ်တွေထဲပါမသွား
ခဏနေဖူးရင် ခဏတာအေး
တစ်ဘဝနေရင် တစ်ဘဝလုံးအေးချမ်းတယ်

လောဘကိုအကျယ်မရ
မိုင်းပြာရီညို့ဆိုင်း ကြယ်တွေငုံ့ငေးတိုင်း
ရင်ခွင်ရိုင်းတွေတောင် အလွမ်းဒဏ်မခံနိုင်ဘူး

ထင်းရှူးတံတိုင်းတွေနဲ့ဆိုလည်း
ဇည့်ခင်းဝတ်ကျေခဲ့
မြို့ငယ်လေးနဲ့မတန်အောင်ချစ်ခြင်းတွေဖူးခဲ့တာ
သူ့ဆူးတွေသူခူးမိတဲ့အထိပါ

လာချင်ရင်လာပါ
မလာချင်အဝေးကမလွမ်းပါနဲ့
အလှတရား ငြိမ်းချမ်းခြင်းကို
ရာသီမရွေးရနိုင်ရဲ့သားနဲ့။ ။

၂၈၊ ဒီဇင်ဘာ၊ ၂၀၁၇။

mgyoe.com